**အလုပ်သင်(ကင်းလွတ်ခွင့်)ဖြင့် အထက်တန်းရှေ့နေသို့ ထုတ်ပေးသည့် တာဝန်ခံလက်မှတ် လျှောက်ထားခြင်း**

**လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ**

၁။ အထက်တန်းရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုပါရန် လျှောက်လွှာ (လျှောက်လွှာမူရင်းတွင် ရုံးခွန်တံဆိပ်ခေါင်း ၅၀၀ ကျပ် ထမ်းဆောင်ရမည်။ လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးသို့ လိပ်မူ လျှောက်ထားရပါမည်။)

၂။ အလုပ်သင်ကင်းလွတ်ခွင့်ဖြင့် အထက်တန်းရှေ့နေစာရင်း တင်သွင်းခွင့်ပြုပါရန် လျှောက်ထားခြင်း လျှောက်လွှာ။

၃။ တရားရေးဝန်ထမ်းများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တရားရေး ဦးစီးမှူး၏ သဘောထားမှတ်ချက်။

၄။ ဥပဒေအရာရှိများအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်(စီမံ) ၏ သဘောထားမှတ်ချက်။

၅။ တရားစီရင်ရေးရာ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများအတွက် သက်ဆိုင်ရာ (စီမံ)ဌာနအကြီးအကဲ၏ သဘောထားမှတ်ချက်။

၆။ တိုက်ပုံအနက်နှင့် ဓါတ်ပုံ ( ၃ ) ပုံ (၁ - လက်မပတ်လည်၊ နောက်ခံအပြာရောင်) (အမျိုးသားများသည် တိုက်ပုံအနက်ဝတ်ဆင်ပြီး ခေါင်းပေါင်း မဝတ်ဆင်ရ။ ရင်ထိုး တံဆိပ်တပ်ဆင်ခြင်းမရှိစေရ။ အမျိုးသမီးများသည် ဆံပင်ထုံးဖွဲ့ထားပြီး တိုက်ပုံအနက်ရောင် ဝတ်ဆင်ထားရမည်။ ရင်ထိုး တံဆိပ် တပ်ဆင်ခြင်းမရှိစေရ။ လျှောက်လွှာတင်သည့်ရက်အတွင်း ရိုက်ကူးထားသော ဓာတ်ပုံဖြစ်ရမည်။)

၇။ တက္ကသိုလ်ဝင်တန်း / အခြေခံပညာအထက်တန်း / အဆင့်မြင့်တန်းစာမေးပွဲ အောင်လက်မှတ်မူရင်းနှင့်မိတ္တူ

၈။ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ - ၆၆/၆) မူရင်းနှင့်မိတ္တူ။

၉။ အသက် (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူ။

၁၀။ အလုပ်အတည်ပြုခန့်အပ်သည့် အမိန့်မိတ္တူမှန်။

၁၁။ အလုပ်ဌာနမှ အထက်အဆင့်အစိုးရပြန်တမ်းဝင်အရာရှိအနည်းဆုံး(၂)ဦး၏ အကျင့် စာရိတ္တနှင့် စပ်လျဉ်းသည့် ထောက်ခံစာတင်ပြရန်။

၁၂။ အထက်တန်းရှေ့နေသို့ ထုတ်ပေးသည့် တာဝန်ခံလက်မှတ်ကို ယခင်က လျှောက်ထားခဲ့ဖူးခြင်း မရှိကြောင်း ကျမ်းကျိန်လွှာမူရင်း။

၁၃။ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ - ၆၆/၆) မူရင်းနှင့်မိတ္တူ။